

# လက်နက်ဆန်း မျိုးစုံပါဝင်တဲ့ BULLETSTORM



၁၉၉၈ ခုနှစ်မှာ ကမ္ဘာကျော် Unreal Engine နည်းပညာကို စတင်တီထွင်ခဲ့ပြီး လူသိများထင်ရှားလာတဲ့ Epic game ကုမ္ပဏီကြီးဟာ Gears of War စီးရီးနဲ့အတူ အတော်လေး အောင်မြင်လာခဲ့ပါတယ်။ အလားတူပဲ Epic game ရဲ့ လက်အောက်ခံ ပိုလန်နိုင်ငံအခြေစိုက် People Can Fly studio ဟာလည်း ပထမဆုံးရေးဆွဲ ထုတ်လုပ်ခဲ့တဲ့ Painkiller serie နဲ့ နာမည်ရလာခဲ့ပါတယ်။ »

## Game မိတ်ဆက်



လွန်ခဲ့တဲ့အချိန် နှစ်နှစ်ကျော်ခန့်ကတည်းက Epic Games နဲ့ People Can Fly တို့နှစ်ဖွဲ့ စတင်ပူးပေါင်းစီစဉ်ခဲ့ပြီး ရေးဆွဲလျက်ရှိတဲ့ First Person Shooter Action Game အသစ်ဟာ ယခု ၂၀၁၁ နှစ်ဆန်းပိုင်းမှာ ထွက်ရှိလာပါတော့မယ်။ Game ရဲ့ ခေါင်းစဉ်အမည်ကတော့ Bulletstorm ဖြစ်ပါတယ်။ ယခု Game ဟာ PC အမျိုးအစားအတွက်သာမက PS3 နဲ့ Xbox 360 တို့အတွက်လည်း ပါဝင်မယ်လို့သိရပါတယ်။

## ဇာတ်လမ်း

ဇာတ်လမ်းစတည်ထားတဲ့ အနာဂတ် သိပ္ပံခေတ်ကာလမှာ Confederation အဖွဲ့အစည်းကြီးတစ်ခုကို Dead Echo လို့အမည်ရတဲ့ အထူးကြေးစားစစ်သား တပ်ဖွဲ့က ကာကွယ်စောင့်ရှောက်လျက် ရှိနေပါတယ်။ Dead Echo တပ်ဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ အဓိက game ဇာတ်ကောင် Grayson Hunt နဲ့ သူ့ရဲ့အဖော်ဖြစ်သူ Ishi Sato တို့ဟာ သူတို့ရဲ့ ရပ်တည်မှုနဲ့ လုပ်ရပ်တွေ မှားယွင်းနေမှုကို ဖော်ထုတ်တွေ့ရှိခဲ့ကြပါတယ်။ အဲဒါကြောင့်လည်း သူတို့ ခေါင်းဆောင်ရဲ့ နယ်နှင်ပစ်ဒဏ်နဲ့အတူ စကြာဝဠာရဲ့ အစွန်အဖျားအထိ ရှောင်ခွာထွက်ပြေးခဲ့ကြရပါတယ်။ ကစားသူဟာ နှစ်အတော်ကြာ ပေတေလေလွင့်နေတဲ့ ဇာတ်ကောင် Grayson Hunt နေရာမှ ဆော့ကစားရမှာ ဖြစ်ပါတယ်။ အာကာသ ဓားပြအမူးသမားကြီး Grayson Hunt ဟာ ခရီးသွားယာဉ်ပျံ ပျက်ကျမှုကြောင့် Stigya ဂြိုဟ်ပေါ်မှာ ရဲဘော်ဟောင်း Sato နဲ့ ပြန်ဆုံရသလို အသားစား ဂြိုဟ်သတ္တဝါဆိုးတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။ ရဲဘော်ရဲဘက်နှစ်ဦး ပြန်လည်ပူးပေါင်းပြီး လုပ်ဆောင် ရမှာကတော့ အချက် ၂ ချက်တည်းပါပဲ။ ပထမတစ်ချက်က အဲဒီဂြိုဟ်ပေါ်ကနေ အသက်ရှင်လွတ်



မြောက်နိုင်ဖို့နဲ့ နောက်တစ်ချက်ကတော့ သူတို့ကို အဲဒီနေရာ ပို့လိုက်တဲ့ ရန်သူကို ပြန်လည်လက်စားချေဖို့ ဖြစ်ပါတယ်။

## အင်ဂျင်အပိုင်း

Epic Games ရဲ့ နောက်ဆုံးပေါ် Unreal Engine 3-3.5 ကို အသုံးပြုရေးဆွဲထားတာကြောင့် Bulletstorm ဟာ အရင် Painkiller နဲ့ Gears of War တို့ရဲ့ graphic တွေထက် ပိုမို သာလွန်ကောင်းမွန်လာတာ တွေ့နိုင်ပါတယ်။ Engine မှာ အသုံးပြုထားတဲ့ 3D Renderer တွေမှာ အဆင့်မြင့် နည်းပညာပိုင်းဆိုင်ရာ HDRR ၊ Per-pixel lighting ၊ Soft-body physics ၊ Accurate inter-reflection effect တို့ကို စွမ်းဆောင်ထောက်ပံ့ပေးနိုင်ပြီး အလွန်ပီပြင်သပ်ရပ်လှတဲ့ 3D game graphic လို့ဆိုပါတယ်။

## ထူးခြားချက်

Game feature အပိုင်းမှာ တခြား FPS အမျိုးအစား game တွေနဲ့မတူဘဲ သိသာကွဲပြားခြားနားတဲ့ စွမ်းဆောင်ချက်ကတော့ Skillshot feature ပဲ ဖြစ်ပါတယ်။ FPS ထုံးစံအတိုင်း လက်နက်တွေစွဲကိုင်ပြီး ပစ်ခတ်ကစားရာမှာ ပုံစံမတူတဲ့ ရန်သူတွေကို အကြမ်းပတမ်းနဲ့ အဆင့်မြင့် ပစ်ခတ်နည်း၊ ဒါမှမဟုတ် style ကျကျနဲ့ အဆန်းတကြယ် ပုံစံသစ်တွေနဲ့ ပစ်ခတ်နည်းတို့ အသုံးပြုကစားနိုင်ခဲ့ရင် ဆော့ကစားသူကို credit point ဆုတွေချီးမြှင့်ပေးပြီး အဲဒီ point တွေနဲ့ မိမိဇာတ်ကောင်နဲ့ လက်နက်တွေကို upgrade အဆင့်မြှင့်တင်နိုင်တဲ့ စနစ်ပဲဖြစ်ပါတယ်။ များများ အဆင့်မြှင့်နိုင်လေလေ၊ ပစ်ခတ်လှုပ်ရှားမှုပုံစံ အဆန်းအပြားတွေကို ပိုပြီး အသုံးပြုနိုင်လာလေလေဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။



ပစ်ခတ်ပုံနည်းလမ်းတွေကို မူတည်ပြီး Skillshot အမည်နဲ့ အမှတ်ပေးနည်းတို့ကို စနစ်တကျအမည်ပေး သတ်မှတ်ထားတာ တွေ့ရှိရပါတယ်။ ဥပမာ– Meatball (100 Points) ၊ Heatwave (100 Points) ၊ Bombshell (175 Points) ၊ Tripwire(250 Points) ၊ After Burner (50 Points) အစရှိတာတွေ ဖြစ်ပါတယ်။

ကိုင်တွယ်ပစ်ခတ်ရမယ့် လက်နက်ဆန်းတွေကလည်း ထူးထူးခြားခြားဆန်းကြယ်ပြီး ဇာတ်ကောင်ရဲ့ လက်ထဲမှာ အတော်လေး ကြီးကြီးမားမား ဖြစ်နေတာတွေ့ရပါမယ်။ အနီးစပ်ဆုံးနှိုင်းယှဉ်ရရင် Gears of War ဇာတ်လမ်းထဲကဇာတ်ကောင်၊ လက်နက်တွေနဲ့ ဆင်တူတယ်လို့ ဆိုနိုင်ပါတယ်။ ဇာတ်လမ်းအစောပိုင်းမှာ အဓိကဇာတ်ကောင် Grayson Hunt က Peacemaker လို့

အမည်ပေးထားတဲ့ သာမန်ရိုးရိုး Assault Rifle သေနတ်ကို အသုံးပြုရပြီး ဓာတ်လမ်းအချိန် ကြာလာတာနဲ့အမျှ လက်နက် အသစ်အဆန်းတွေကို ရရှိလာပါလိမ့်မယ်။ ထူးခြားတဲ့ သေနတ်တစ်လက်ကတော့ Flail Gun ဖြစ်ပါတယ်။ တစ်ချက်ပစ်လိုက်တိုင်း ချိန်းကြိုးနဲ့ဆက်ထားတဲ့ ဗုံး၂လုံးကို တစ်ပြိုင်တည်း ပစ်ခတ်နိုင်တဲ့သေနတ် ဖြစ်ပါတယ်။ တခြားသေနတ်တွေကတော့ Gatling Gun၊ Boom Buster (Four Barrel Shostgun)၊ Bouncer အစရှိတဲ့ သေနတ်ဆန်းတွေပဲ ဖြစ်ပါတယ်။

## Gameplay ပုံစံ

တခြား FPS Game တွေမှာ တွေ့ရတတ်တဲ့ ရန်သူ မမြင်မတွေ့အောင် ကိုယ်ရောင်ဖျောက် သွားလာလှုပ်ရှားပြီး တိတ်တဆိတ် လုပ်ကြံပုံမျိုး၊ ရန်သူ့အိမ်ခန်းတစ်ခုခု



ကို ဝင်ရောက်ရှင်းလင်းရာမှာ နည်းဗျူဟာချမှတ်ပြီး စနစ်တကျ ဝင်ရောက်ပုံမျိုးကို ယခု Bulletstorm မှာ လုံးဝတွေ့ရမှာ မဟုတ်ပါဘူး။ ဒီ game ပုံစံဟာ မိမိရရှိထားတဲ့ လက်နက် အဆန်းအပြားမျိုးစုံသုံးပြီး မိမိရန်သူတွေကို လှလှပပနဲ့ ရက်ရက်စက်စက် သွေးချောင်းစီးအောင် သတ်ဖြတ်နိုင်ဖို့ပဲ လိုပါတယ်။

Bulletstorm ကို စတင်စီစဉ်ရေးဆွဲစဉ်က တစ်ဦးတစ်ယောက်တည်းဆော့ကစားရတဲ့ single player ပုံစံ ဖြစ်ခဲ့ပေမယ့် နောက်ပိုင်းမှာ multiplayer ချိတ်ဆက်ကစားနိုင်ဖို့ game mode (Anarchy/Echo) ၂ မျိုးကို ထည့်သွင်းနိုင်ဖို့ ပြန်လည်စီစဉ်ခဲ့ကြပါတယ်။ Anarchy ပုံစံကတော့ Gears of War 2 က Horde Mode နဲ့ အတော်ဆင်တူပါတယ်။ မိမိနဲ့အတူ တခြားကစားသူ ၃ ဦးနဲ့အတူတကွ ပူးပေါင်းချိတ်ဆက်ပြီး နေရာတစ်နေရာတည်းကနေ စောင့်စားကာ အချိန်အပိုင်းအခြားအလိုက် လှိုင်းလုံးတွေပမာ အစုအဖွဲ့အလိုက် ရောက်ရှိလာတဲ့ ရန်သူတွေကို အပြိုင်အဆိုင် ပစ်ခတ်ချေမှုန်းရင်း အချင်းချင်း ယှဉ်ပြိုင် ဆော့ကစားရမှာ ဖြစ်ပါတယ်။ Echo Mode ကတော့ တစ်ဦးတည်း ဆော့ကစားရပြီး မိမိရမှတ်ကို တခြားကစားသူတို့ရဲ့ ရမှတ်တွေနဲ့ ချိတ်ဆက်နှိုင်းယှဉ်ပြီး ယှဉ်ပြိုင်ရတဲ့ ကစားနည်းမျိုး ဖြစ်ပါတယ်။

Bulletstorm ကို တကယ်တမ်း စတင်ဖြန့်ချိမယ့်နေ့ မတိုင်ခင် သုံးလလောက်ကတည်းက Pre-Order နဲ့ ကြိုတင် ရောင်းချလျက်ရှိနေပါတယ်။ အထူးသီးသန့် အနေနဲ့ အကန့်အသတ်ဖြင့် ထုတ်လုပ်ရောင်းချမယ့် Epic Edition




မှာ Bulletstorm အပြင် Gears of War 3 beta ကိုပါ ထည့်သွင်းပေးထားပြီး အခမဲ့ စမ်းသပ်ဆော့ကစားနိုင်မှာ ဖြစ်ပါတယ်။ မြန်မာ gamer တွေအနေနဲ့ FPS အမျိုးအစား action game တွေကို ကစားသူများပြားလှပေမယ့် အနာဂတ် သိပ္ပံစိတ်ကူးယဉ်ဆန်တဲ့ futuristic ဓာတ်လမ်းတွေကိုတော့ စွဲစွဲမက်မက်နှစ်ခြိုက်သူ ရှားပါးတာတွေ့ရှိရပါတယ်။ ယခုလို FPS ပုံစံတစ်မျိုးဆန်းသစ်ထားတဲ့ Bulletstorm ကိုလည်း မြန်မာ gamer တွေ စမ်းသပ်ဆော့ကစားကြည့်နိုင်ဖို့ ကြိုတင်မိတ်ဆက်ပေးလိုက်ပါတယ်။

MJD (4AM Digital Services)